# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး

# နဝမနေ့ အစီအစဉ်

# [ ၁ – ၉ – ၂၀၁၁]

# (ကြာသပတေးနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး နဝမနေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်း နှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၅။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့် ပေးပို့သော **“ အလုပ်သမားအဖွဲ့အစည်းဥပဒေကြမ်း ”** နှင့် **“ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း”** အား လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း။

၆။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်း နှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးစိုးပိုင်၊ ဝန်းသို မဲဆန္ဒနယ်၏ **“ဝန်းသိုမြို့နယ်အတွင်း ဒေါင်းမြူးတမံတည်ဆောက်ရန်”** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဦးသောင်းဟန်၊ ယင်းမာပင် မဲဆန္ဒနယ်၏ **“ ဘဏ်ချေးငွေများပြန်လည်ကောက်ခံမှု”** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဦးကျော်မြင့်၊ အရာတော် မဲဆန္ဒနယ်၏ **"မြစ်ရေတင်စီမံကိန်း ၁ ၊ ၂ နှင့် ၃ တို့ "** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဦးတင်မြင့်၊ တန့်ဆည် မဲဆန္ဒနယ်၏ **" စီတုံးလုံးချောင်းအား တမံပိတ် ဆောင်ရွက်ရန် "** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(င) ဦးအေး၊ ဟုမ္မလင်းမဲဆန္ဒနယ်၏ **" အထက်ချင်းတွင်းဒေသ ကောလိပ်ဖွင့်လှစ်ပေးရန် "** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(စ) ဦးရွှေမောင်(ခ) ဦးအဒူရော်ဇက်၊ ဘူးသီးတောင်မဲဆန္ဒနယ်၏ **"အသက်မွေး တက္ကသိုလ်များသို့ တက်ရောက်ခွင့်"** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဆ) ဦးရွှေမောင်(ခ) ဦးအဒူရော်ဇက်၊ ဘူးသီးတောင်မဲဆန္ဒနယ်၏ **"ဒေသခံ ဆရာ/ဆရာမများ ခန့်ထားနိုင်ရေး"** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဇ) ဦးရွှေမောင်(ခ) ဦးအဒူရော်ဇက်၊ ဘူးသီးတောင်မဲဆန္ဒနယ်၏ **"မောင်တော ခရိုင်၏ ပညာရည် မြင့်မားရေး"** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဈ) ဦးဇော်ကိရ်အာမတ်(ခ) ဦးအောင်ဇော်ဝင်း၊ မောင်တော မဲဆန္ဒနယ်၏ **"မောင်တောဒေသခံပြည်သူများကို မှတ်ပုံတင်ထုတ်ပေးမည့်အချိန်"** နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ည) ဦးရွှေမောင်(ခ) ဦးအဒူရော်ဇက်၊ ဘူးသီးတောင် မဲဆန္ဒနယ်၏ **"ရန်ကုန်မြို့သို့ ခရီးသွားလာရာတွင် ငွေကြေးပေးဆောင်ရသည့်ကိစ္စ"** နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဋ) ဦးရွှေမောင်(ခ) ဦးအဒူရော်ဇက်၊ ဘူးသီးတောင် မဲဆန္ဒနယ်၏ **"လဝက ပုံစံ(၄)"** နှင့်စပ်လျဉ်းသည့် မေးခွန်း။

၇။ ဦးဖုံးတိန့်၊ ချီဖွေ မဲဆန္ဒနယ်၏ **" ကချင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ စတုတ္ထစပါးကျီ ဖြစ်ရမည်ဟူသော ရည်မှန်းချက်အောင်မြင်ရေးအတွက် စိုက်ပျိုးရေရရှိရေး၊ ဆည်မြောင်း၊ တာတမံများ ဒေသအခြေအနေအရ တည်ဆောက်ပေးရေး "** အဆိုကို အောက်ပါ လွှတ်တော် ကိုယ်စားလှယ်များ က ဆွေးနွေးခြင်း–

(က) ဦးမျိုးဆွေ၊ တနိုင်း မဲဆန္ဒနယ်။

( ခ ) ဦးအင်ဖုန်ဆန်း(ခ)ဦးအင်ထုဖုန်ဆန်း၊ မချမ်းဘော မဲဆန္ဒနယ်။

( ဂ ) ဦးဇော်ထွန်း၊ မိုးမောက် မဲဆန္ဒနယ်။

၈။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင် က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်း။

၉။ အဆိုနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၁၀။ ဦးခင်မောင်ဦး၊ မုံရွာ မဲဆန္ဒနယ်၏ **" တောင်သူလယ်သမားများ စိုက်ပျိုး ထုတ်လုပ်သည့် ကောက်ပဲသီးနှံများ သင့်တင့်မျှတသော တန်ဖိုးရရှိရန် အတွက် ဆောင်ရွက်ရမည့် နည်းဥပဒေများကို နိုင်ငံတော်မှ လျှင်မြန်စွာ ပြဋ္ဌာန်းပေးရန် "** အဆိုတင်သွင်းခြင်း။

၁၁။ အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည် စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း။

၁၂။ ဦးဆားမူ၊ လဟယ် မဲဆန္ဒနယ်၏ **" နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ (လေရှီး၊ လဟယ်၊ နန်းယွန်း) မြို့နယ်များအတွင်း နေထိုင်လျက်ရှိသည့် နာဂတိုင်းရင်းသားများ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး"** အဆို တင်သွင်းခြင်း။

၁၃။ အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည် စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း။

၁၄။ ဦးမောင်ဦး၊ တပ်ကုန်း မဲဆန္ဒနယ်၏ **“ အများပိုင်ကုမ္ပဏီများကို ဥပဒေနှင့် အညီ စိစစ်ဆောင်ရွက်ခွင့်ပြုရေး ”** အဆို တင်သွင်းခြင်း။

၁၅။ အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌ က ကြေညာခြင်း။

၁၆။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ်ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး နဝမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒသမနေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။